# Minutes of Myanmar Language Information Management Network Meeting

*26th February 2026, 2PM MMT, online via Zoom*

## Agenda

1. Presentation - Urban Poverty: Unpacking Yangon (MDO/UNDP)
2. Presentation - Mapping of HDP Nexus 5W by using the MIMU Map Maker (MIMU)
3. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
4. အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)

Participants: AHRN, BIMM, CL, DRC, ICAP, IFPRI, IRC, NAG, RC Office, SWISSAID Myanmar, UNDP, UNODC, WVM, MIMU (21 participants from 14 organisations)

## ၁။ **Urban Poverty: Unpacking Yangon** (MDO/UNDP)

၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေခဲ့သော "**Urban Poverty: Unpacking Yangon**" report နှင့် ပတ်သတ်၍ ရှင်းလင်းတင်ပြခဲ့ရာတွင် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများအတွက် မြို့ပြများသို့ ရွှေ့ပြောင်းနေထိုင်မှု မြင့်တက်လာခြင်းနှင့်အတူ Urbanization ပိုမိုကျယ်ပြန့်လာပုံကို အဓိကထား ရှင်းပြခဲ့ပါသည်။ အထူးသဖြင့် ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ပိုင်းတွင် ရွှေ့ပြောင်း လုပ်သားဦးရေ သိသာစွာ တိုးပွားလာမှုကို ပိုမို နားလည်နိုင်ရန် UNDP မှ ၂၀၂၃ ခုနှစ် တွင် ပြုလုပ်ခဲ့သော "**People's Pulse Survey**" အချက်အလက်များ ကို အခြေခံ၍ "**Migration in Myanmar**" ၊ "**Poverty Report**" နှင့် "**Human Capital Report**" တို့ကို ထုတ်ဝေခဲ့ကြောင်း တင်ပြခဲ့ပါသည်။ အဆိုပါ report များအရ ရွှေ့ပြောင်းလုပ်သား အများစုမှာ ရန်ကုန်မြို့သို့ ဦးတည် ရွှေ့ပြောင်းလာကြသဖြင့် ရန်ကုန်မြို့ပြဒေသ၏ Poverty Headcount နှင့် Depth မှာ ကျေးလက်ထက် ပိုမိုမြင့်နေသည်ကိုတွေ့ရှိရပါသည်။ ထိုအချက်ကို ထောက်ရှု၍ ရန်ကုန်မြို့အနီးတစ်ဝိုက် ရှိ Peri-urban မြို့နယ်များတွင် ရွှေ့ပြောင်းလူဦးရေတိုးလာသည်နှင့်အမျှ စီးပွားရေး ကဏ္ဍအသီးသီးတွင် စိန်ခေါ်မှုများ ရှိလာနိုင်ကြောင်းကို ဆန်းစစ်ရန် ဤ report ကို ပြုစုရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။ အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ထားသော အစီအရင်ခံစာတွင် အောက်ပါလင့်မှတဆင့် ဆက်လက်လေ့လာနိုင်ပါသည်။

https://www.undp.org/asia-pacific/publications/urban-poverty-unpacking-yangon#

## ၂။ Mapping of HDP Nexus 5W by using the MIMU Map Maker

(MIMU)

MIMU Map Maker အသုံးပြုပုံနှင့် ပတ်သက်၍ လက်တွေ့ပြသခဲ့ရာတွင် HDP Nexus 5W ဒေတာ အချက်အလက်များမှ မိမိတို့ လုပ်ငန်းလုပ်ကိုင်နေသော ကျေးရွာများကို မြေပုံ ပေါ်တွင် ကြည့်ရှုနိုင်သည့် နည်းလမ်းများကို ရှင်းလင်းပြသခဲ့ပါသည်။ ထို့အပြင် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ပါက အရေးပေါ်တုံ့ပြန်နိုင်ရန် မိမိတို့ လုပ်ငန်းလုပ်ကိုင်နေသော ကျေးရွာ အနီးရှိ ဆေးရုံ၊ ကျောင်း နှင့် အခြားသော MIMU Map Layer တွင် ရှိသော အချက်အလက်များကို အသုံးပြု၍ ကြည့်ရှုနိုင်ကြောင်းနှင့် မိမိတို့လိုအပ်ချက်အလိုက် စိတ်ကြိုက် မြေပုံများလည်း ဖန်တီးနိုင်ကြောင်းကို ပြသခဲ့ပါသည်။

## ၃။ အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**MIMU** ။ ။ Nexus 5W ဒေတာ အချက်အလက်များကို စတင်ကောက်နေပြီဖြစ်ကြောင်းနှင့် နောက်ဆုံး ဒေတာ အချက်အလက် ပေးပို့ရမည့် ရက်စွဲမှာ မတ်လ ၁၁ ရက် နေ့ ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသည်။ ဆက်လက်၍ MIMU သင်တန်းများအနေဖြင့် Basic QGIS Training ကို မတ်လ ၂ ရက်နေ့ မှ ၆ ရက်နေ့အထိ ပြုလုပ်မှာဖြစ်ပြီး၊ Power Bi Training ကို မတ်လ ၂၃ ရက်နေ့မှ ၂၆ ရက်နေ့ တို့တွင် ပြုလုပ်မည်ဖြစ်ကြောင်းကြေငြာခဲ့ပါသည်။ ထို့အပြင် MIMU Website ပေါ်ရှိ များပြားလှသော သတင်းအချက်အလက်များထဲမှ အသုံးများသည့် အချက်အလက်များကို MIMU ၏ New Product တစ်ခုဖြစ်တဲ့ "Interactive Bulletin" ကို အသုံးပြု၍ ပိုမိုလွယ်ကူလျင်မြန်စွာ ကြည့်ရှုနိုင်ကြောင်း ရှင်းပြခဲ့ပါသည်။

## ၄။ အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

နောက်တွေ့ဆုံမှုကို ခန့်မှန်း မေလ ၂၀၂၆ ခုနှစ် နောက်ဆုံးအပတ်တွင် လုပ်ပါမည်။ IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။